ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP)

(Village Development Plan)

ရေဆင်းကျေးရွာ၊ဧရာယျာသီရိမြို့နယ်၊နေပြည်တော်

ဧရာယျာသီရိမြို့နယ်၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂၀၁၉ ခု ဧပြီလ ( ) ရက်

မာတိကာ

စကားချီး ၄

မြေမျက်နှာသွင်ပြင်နှင့် ကျေးရွာများ တည်နေရာပြမြေပုံ၊ ဇယားသီရိမြို့နယ် ၅

၁။ တည်နေရာနှင့် ပထဝီအနေအထား ၆

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၆

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၆

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၇

က။ သီးနှံ စိုက်ပျိုးရေး ၇

ခ။ မွေးမြူရေး ၇

ဂ။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းများ ၈

ဃ။ ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ ၈

၆။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ ၉

က။ ကျေးလက် သယ်ယူပို့ဆောင်ရေး ဆိုင်ရာ အခြေခံ အဆောက်အဦ ၉

ခ။ လျှပ်စစ်စွမ်းအား ဆိုင်ရာ အခြေခံအဆောက်အဦ ၉

ဂ။ ဆက်သွယ်ရေး၊ သတင်းနှင့် နည်းပညာ ဆိုင်ရာ အခြေခံအဆောက်အဦ ၁၀

၇။ ပညာရေး ၁၀

က။ ပညာရေး ဝန်ဆောင်မှု ရရှိနိုင်မှု အခြေအနေ ၁၀

၈။ ကျန်းမာရေး ၁၁

က။ ကျန်းမာရေး:စောင့်ရှောက်မှု ဆိုင်ရာ ဝန်ဆောင်မှု ရရှိမှု အခြေအနေ ၁၁

ခ။ သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေ ၁၁

၉။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၁

က။ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ပြုစုခြင်း ၁၁

ခ။ သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း ၁၂

၁၀။ ကျား – မ ရေးရာ ၁၂

၁၁။ ဦးစားပေးစီမံချက်လုပ်ငန်းများဇယား ၁၃

နောက်ဆက်တွဲများ

နောက်ဆက်တွဲ ၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၄

နောက်ဆက်တွဲ ၂။ ဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၁၅-၅၇

နောက်ဆက်တွဲ ၃။ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြုဇယား ၅၈-၆၂

နောက်ဆက်တွဲ၄။ စီမံချက်အဆိုပြုလွှာများ ၆၃

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၃ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနေဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူး ပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေ ရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး စီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက် တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေး မှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရ ရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များ နှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူလိုကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်း ဆောင် ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီး ဌာနတို့၏ ဆက်လက်ပံ့ ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင် တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံး သပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူ ညီမှု များရရှိနိုင် မည့် ဖြစ်ပါကြောင်း ယုံကြည် ပါသည်။

ဤအစီအစဉ်တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြ ထားပါသည်။ စီမံကိန်း ဆိုင်ရာအချက်အလက်များနှင့် အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေဆင်းကျေးရွာ
ဧရာဝတီရိုးမြို့နယ်၊နေပြည်တော်

ရေဆင်းကျေးရွာ၏ မြေမျက်နှာသွင်ပြင်နှင့် တည်နေရာပြမြေပုံ



ရေဆင်းကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝရင်းမြစ်များ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ရေဆင်းကျေးရွာသည် ဧယျာသီရိမြို့နယ်၏အလယ်ပိုင်းတွင် တည်ရှိသည့် ကျေးရွာ တစ်ရွာ ဖြစ်ပါသည်။ ကျေးရွာသည် အရှေ့လောင်ဂျီကျေး (၉၆ ဒီဂရီ ၂၄ မိနစ်) နှင့် မြောက်လတ္တီကျေး (၁၉ ဒီဂရီ ၇၉ မိနစ်)ကြားတွင် တည်ရှိပါသည်။ အရှေ့တောင်ဘက်တွင် ပေါက်ကုန်းကျေးရွာ ၊ မြောက်ဘက်တွင် ကန်သာအေးကျေးရွာနှင့် အနောက်ဘက်တွင် ရန်ကုန်_ မန္တလေး လမ်းမကြီးတည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး အနေဖြင့် ကောင်းမွန်လျက် ရှိ ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ရေးဆင်းကျေးရွာ၊ဧယျာသီရိမြို့နယ်သည် နွေ၊မိုး၊ဆောင်ဟူ၍ ရာသီဥတု (၃)မျိုး ရှိပြီး ယေဘုယျအားဖြင့် အပူပိုင်းမုတ်သုံရာသီဥတုရှိပြီး အမြင့်ဆုံး အပူချိန်မှာ(၃၉.၉·C) နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၁.၇·C) ရှိပါသည်။ တစ်နှစ်ပျမ်း မျှမိုးရေ ချိန်မှာ (၄၀) လက်မ ခန့် ရှိပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ရေဆင်းကျေးရွာတွင် အိမ်ထောင်စု (၈၀၂) စုရှိပြီး (ကျား- ၁၃၉၃+ မ-၁၅၅၈) ဦး ရှိပြီး စုစုပေါင်းလူဦးရေမှာ (၂၉၅၁)ဦး ရှိပါသည်။ တစ်အိမ်ထောင်လျှင်ပျမ်း မျှလူဦးရေ(၄) ဦးခန့်ရှိ ပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်လူဦးရေမှာ(၇၂%) ရှိပြီးလုပ်သားအင်အားရရှိမှုများ ပါသည်။၄င်း အလုပ်လုပ်နိုင်သောသူများကို အသက် မွေးဝမ်းကျောင်းကျွမ်းကျင်မှု အတတ် ပညာများထောက်ပံ့ပေးခြင်း၊ တစ်နိုင် တစ်ပိုင် လုပ်ငန်းများထူထောင်ပေးနိုင်မည် ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလား အလာကောင်းများရှိနိုင်ပါသည်။ အလုပ်လုပ်နိုင်သော အရွယ်တွင် အမျိုသား အလုပ် လုပ်နိုင် သောလူဦးရေထက် အမျိုးသမီးဦးရေက ပိုများသည်။ ၆၀ နှစ်နှင့် အထက်သက်ကြီးရွယ်ကြီး မှာ(၅%) ရှိပြီး ကျန်းမာရေးအခြေအနေမှာ အသင့်အတင့် ကောင်းမွန်ကြပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် လူမှုရေးအသင်းအဖွဲ့များရှိပြီး သက်ဆိုင်ရာလုပ်ငန်းများအလိုက် တက်ကြွစွာ ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အရပ်ဘက်လူမှု အဖွဲ့အစည်းများ အကြား ဖွံ့ဖြိုးရေး ဆိုင်ရာ စီမံခန့်ခွဲမှုနှင့်သက်ဆိုင်သည့် ချိတ်ဆက် ဆောင်ရွက်မှု သည် အသင့်အတင့်ကောင်း မွန်ကြသည်ဟု ဆိုနိုင်သည်။ ကျေးရွာ အတွင်း စည်းလုံး ညီညွတ်မှု၊ ရပ်မိရပ်ဖများ၏ ဩဇာ သက်ရောက်မှုများကြောင့် အဖွဲ့လိုက်ဆောင် ရွက်မှုများတွင် အောင်မြင်ထိရောက်မှု အသင့်

အတင့်ရရှိထားကြသည်။ သို့သော် လည်း ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ပတ်သက်သော အသိအမြင် ဗဟုသုတများ အပိုင်းတွင် ဥပမာအားဖြင် အဖွဲ့အစည်းများဆိုင်ရာ သဘောတရား များတွင်လိုအပ် ချက်များရှိနေသေးသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

က။ သီးနှံ စိုက်ပျိုးရေး

ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှုအသင့်အတင့်ရှိကြပါသည်။ ကျေးရွာတစ် ရွာ လုံးအနေဖြင့် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ (၇.၁%)ရှိပါ သည်။ ကျေးရွာ တွင်စုစု ပေါင်းလယ်ယာမြေဧကမှာ (၂၅၃.၂၅) ဧကရှိပြီး စပါးကို အဓိက စိုက်ပျိုးပြီး အခြား သီးနှံများအနေဖြင့် ပြောင်း၊နှမ်းစသည့် သီးနှံများ စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသွင်းအားစုများ၊ နည်းပညာ ဝန်ဆောင်မှုများ အသင့်အတင့် ရရှိပြီး မိုးရေ(သို့မဟုတ်) ဆည်ရေဖြင့် စိုက်ပျိုး ကြပါသည်။ အဟန့်အတား အနေဖြင့်စိုက်ပျိုး မြေတိုးချဲ့ရန်ခြေနည်းပါး ခြင်း၊ အလုပ်သမားစရိတ်ကြီးမြင့်ခြင်း၊ ဖျက်ပိုးကျရောက်တတ်ခြင်း၊ ငွေကြေး အရင်းအနှီး အလွယ်တကူ မရနိုင်ခြင်း တို့ရှိပါသည်။ သီးနှံအထွက်နှုန်းများ တွင် စပါးနှင့်ပြောင်းသည် တစ်ဧက အထွက်နှုန်း အများဆုံးဖြစ်ပြီး နှမ်း အထွက်နှုန်းမှာအသင့်အတင့်ရှိပါသည်။ အခြားသောသီးနှံများ ဖြစ်သော ပဲ အမျိုးမျိုး၊ ဟင်းသီးဟင်း ရွက်အပင်များ လည်းစိုက်ပျိုးကြပါ သည်။ သီးနှံ များ ရောင်းချသည့်အချိန်တွင် ဈေးကွက် မတည်ငြိမ်မှုကြောင့် အကျိုး အမြတ် ရရှိမှုနည်းပါးပါသည်။ အခြေအနေကောင်း တစ်ရပ်အနေဖြင့် စိုက်ပျိုးသီးနှံ ထုတ်ကုန်များကို ရောင်းချရန် ဈေးကွက်အလုံ အလောက်ရှိပါ သည်။

ခ။ မွေးမြူရေး

ဇယား (၈) ရေဆင်းကျေးရွာတွင် တိရစ္ဆာန်မွေးမြူထားရှိမှုအခြေအနေ

စဉ်	ကျေးရွာ	နွား	မြင်း	ဝက်	ဆိတ်	ကြက်	ဘဲ	ကျွဲ
၁	ရေဆင်း	၁၆	-	၃၀၅	၇၃	၅၀၂၅	၃၅	၁၁

ရေဆင်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို တစ်နိုင်တစ်ပိုင် အိမ်တွင် မွေးမြူ ရေလုပ်ကိုင်သည့်အိမ်ထောင်စုများနှင့်ကြက်မွေးမြူရေးလုပ်ငန်းများကိုစီးပွားဖြစ်မွေး မြူသည့်အိမ်ထောင်စုများရှိကြပါသည်။ နွားမွေးမြူရေး၊ ကျွဲမွေး မြူရေး၊ ဝက်မွေး မြူရေး နှင့်ကြက်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အသင့် အတင့်ရှိပါသည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင် ကြက်မွေးမြူသည့် အိမ်ထောင်စုမှာ (၄၃.၂)%ခန့်နှင့်စီးပွားဖြစ်မွေးမြူသည့်အိမ်ထောင်စုမှာ(၀.၃၇)% ရှိပါသည်။ တစ်နိုင် တစ်ပိုင် ဝက်မွေးမြူသည့်အိမ်ထောင်စုမှာ (၃၁.၁၇)% ခန့်မွေးမြူကြပါ သည်။ အခြား တိရိစ္ဆာန်များဖြစ်သော ဆိတ်နှင့် ဘဲ မွေးမြူရေး လုပ်ငန်းများလည်းအနည်းငယ် မွေးမြူထားကြောင်း တွေ့ရှိရပါသည်။ မွေးမြူရေးသမားများအနေဖြင့် မွေးမြူရေး ကို

တစ်နိုင်တစ်ပိုင်းမွေးမြူကြသော်လည်း နွားမွေးမြူရေး လုပ်ငန်းအတွက် စာကျက်မြေသီး သန့်မရှိပါ။ သီးနှံများ ရိတ်သိမ်း ပြီးချိန် တွင်လွတ်၍ကြောင်းနိုင်ပြီး ကောင်းရိုးနှင့်ရိတ်သိမ်းပြီးပဲပင်များကိုနွားစာအဖြင့်ပြန်လည်အသုံးပြုကြပါသည်။မွေးရေးမြူဆိုင်ရာ အသိပညာနှင့် နည်း ပညာဝန်ဆောင်မှုများ လိုအပ်ချက်များရှိကြသည်။

၈။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းနှင့် ပတ်သက်၍ အိမ်တွင်း မှုလုပ်ငန်းများမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် အစိုးရဝန်ထမ်းများ၊ ထုတ်ကုန်လုပ်ငန်းတွင်နေ့စားသွား ရောက်လုပ်ကိုင်ခြင်း၊ပန်းရံ၊ လက်သမား၊ ဆောက်လုပ်ရေး၊ ကားမောင်း၊ ဆိုင်ကယ် ကယ်ရီ၊ စျေးဆိုင် ၊အပ်ချုပ်ဆိုင်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ အသက်မွေးဝမ်းကျောင်း အတတ်ပညာကျွမ်း ကျင်မှုနည်းပါးသည်။ အရင်းအနှီးလည်းနည်းပါးပြီး အစိုးရဘဏ်ချေးငွေများလည်း မရှိသော ကြောင့် အသက်မွေးဝမ်းကျောင်း အတွက် အခက်အခဲရှိကြပါသည်။ ကျေးရွာ နှင့် မြို့ပေါ်လမ်းပန်း ဆက်သွယ်ရေးအသင့်အတင့်ကောင်းမွန်ပြီး လျှပ်စစ်မီးလည်းရရှိသောကြောင့် ထုတ်ကုန်လုပ်ငန်းများထုတ်လုပ်ရန် အခွင့်အလမ်းတစ်ရပ်ပင်ဖြစ်ပါသည်။ နယ်မြေလုံခြုံပြီး လွပ်လပ်စွာသွားလာရောင်းဝယ်နိုင်ပြီး လမ်းပန်းဆက်သွယ်ရေးမှာလည်း ကောင်းမွန်ပြီး တစ်နှစ်ပတ်လုံးရာသီမရွေး သွား လာနိုင် ပါသည်။

၉။ ဘဏ်နှင့် ဘဏ္ဍာရေး ဆိုင်ရာ လုပ်ငန်းများ

ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်သည့် အိမ်ထောင်းစုများသာစိုက်ဘဏ်ချေး ငွေများရရှိနိုင်ပါသည်။အဖွဲ့လိုက်ငွေစု/ငွေချေးအစီအစဉ်ဖြင့် ငွေချေးစနစ်ရှိပြီး အတိုးနှုန်းမှာ (၅%) မှ (၁၀%) ထိရှိပါသည်။ မိတ်ဆွေနှင့် ဆွေမျိုးများ ထံမှချေးငွေများရှိပြီး အပေါင်ခံပစ္စည်းမလိုအပ်သော်လည်း မြေယာပိုင်ဆိုင်မှု မရှိ သည့်အတွက် ယုံကြည်မှုအားနည်းပြီး လူတိုင်းမရနိုင်၊ အလုံ အလောက်မရရှိနိုင်ပါ။ ပုဂ္ဂလိကငွေတိုးချေးစားသူများနှင့် အပေါင်ဆိုင်များ မှလည်း ကာလတိုချေးငွေများ ကို တစ်လလျှင် အတိုးနှုန်း ၅ %မှ ၁၀ %ဖြင့် ချေးယူ နိုင်ကြသည်။ ကျေးရွာတွင် တစ်လလျှင် အတိုးနှုန်း ၁၀ %အထက်ဖြင့် ချေးယူကြရခြင်း များလည်းရှိကြသည်။

၆။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

က။ ကျေးလက်သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အဦး

ကျေးရွာတွင် လယ်ယာထွက်ကုန်များထုတ်လုပ်နိုင်ပါက ကျေးရွာတွင်ရေဆင်းစျေးရှိပြီး စျေးကွက်အလုံအလောက်ရှိပါသည်။ ကုန်စိမ်း နှင့် သားငါးများကို ရေဆင်းစျေးတွင် အလွယ်တကူဝယ်ယူနိုင်ပြီ၊ အခြား သောလူသုံးကုန်ပစ္စည်း များအား ဆိုင်ကယ်

ဖြင့်သော်လည်းကောင်း၊ သုံးဘီးဆိုင် ကယ်၊ကားများဖြင့် သော်လည်းကောင်း သယ်ယူပို့ဆောင်လျက်ရှိပါသည်။ ကျေးရွာတွင် အသုံးပြုမှုအများဆုံး သယ်ယူပို့ ဆောင်ရေးယာဉ် များမှာ စက်ဘီး၊ ဆိုင်ကယ်၊သုံးဘီးဆိုင်ကယ်၊ ထော်လာကျီနှင့် ကားများကို အသုံးပြုကြပါ သည်။ ကျေးရွာသည်ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် နီးပြီး လမ်းပန်း ဆက်သွယ်ရေး အနေဖြင့်ကောင်းမွန်ပါ သည်။ ကျေးရွာရှိရွာ တွင်းလမ်းများ၏စုစုပေါင်းအရှည်မှာ (၂) မိုင် ခန့်ရှည်လျားပြီး မြေသာ လမ်းများ၊ကတ္တရာလမ်းများ၊ကွန်ကရစ်လမ်းများဖြစ်ပြီး အသင့်အတင့် ကောင်းမွန်ပါ သည်။

ခ။ လျှပ်စစ်စွမ်းအားဆိုင်ရာ အခြေခံအဆောက်အဦး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသုံးစွဲသည့် အိမ်ထောင်စု (၈၂%) ရှိကြောင်း တွေ့ရပါသည်။ လျှပ်စစ်မီး အသုံးမပြုနိုင် သောအိမ် ထောင် စုမှာ (၁၈.၂%) ရှိပြီး မဟာဓါတ်အားလိုင်းမှာပြုပြင်ထိန်းသိမ်းရေးစနစ်မှာ လည်းကောင်းမွန်ကြောင်း တွေ့ရပါသည်။

ဂ။ ဆက်သွယ်ရေး၊သတင်းနှင့် နည်းပညာဆိုင်ရာ အခြေခံအဆောက်အဦး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာနှင့် ပတ်သက်၍ အိမ်တိုင်းနီးပါ တယ်လီဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်း၊ ရေဒီယို၊ တီဗွီ၊ စလောင်းများ အများအပြားရှိပါသည်။ လမ်းပန်း ဆက်သွယ် ရေးကောင်းမွန် ပြီး ကျေးရွာအနီး အမ်ပီတီ၊အော်ဒီးဒူ၊ တယ်လီနောတာဝါ တိုင်များရှိပြီး ဆင်းကဒ် အနေဖြင့် အမ်ပီတီ၊ အော်ဒီဒူး၊တယ်လီနော(၃) မျိုးစလုံး အသုံးပြုနိုင်ပြီး ဈေးကွက် နှင့်လည်း သတင်းအချက်အလက်များ အချိန်နှင့် တပြေးညီရယူနိုင်ပါသည်။ ကျေး ရွာသူ/သားများ အနေဖြင့်လည်း ဆက်သွယ်ရေးဗဟုသုတနှင့် နည်းပညာအချက် အလက်များကို လျှင်မြန်လွယ် ကူစွာရရှိနိုင်ပါသည်။

၇။ ပညာရေး

က။ ပညာရေး ဝန်ဆောင်မှု ရရှိနိုင်မှု အခြေအနေ

ကျေးရွာတွင် အစိုးအလယ်တန်းကျောင်းဖြင့် ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ ကျောင်း နေအရွယ် ကလေးငယ် အများစုမှာ ကျောင်းပညာရေး ဝန်ဆောင်မှု များကို လက်လှမ်း မှီကြသည်။ ကျောင်းဆောင်သည် သွပ်မိုး၊ အုတ်နံရံကာဖြစ်ပြီး အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်းပါသည်။ ကျောင်းအာဟာရတိုက်ကျွေးမှု အစီအစဉ်မှာလည်း နည်းပါးလျက်ရှိပါသည်။ အတန်းပညာပြီးမြောက်မှုများတွင် ဘွဲ့ရလူငယ်များနည်း

သော်လည်း အလုပ်လုပ်နိုင် သည့် အရွယ်မှာ များသောကြောင့် လုပ်ငန်းခွင်ဝင် နိုင်သည့် လူသားအရင်း အမြစ်တစ်ရပ်ပင် ဖြစ်ပါ သည်။ လူငယ်များမှာ အလုပ်အကိုင် ရှားပါးမှုနှင့် အသက်မွေးဝမ်းကျောင်း နည်းပညာအားနည်းခြင်းများရှိ ပါသည်။ လူငယ်များကို အသက်မွေးဝမ်းကျောင်းနည်း ပညာသင်တန်း များပို့ချ ပေးပြီးလုပ်ငန်း များ အကောင်အထည် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော ရင်းနှီးငွေ/ချေးငွေ ပါပံ့ပိုး ပေးပြီးနောက် လုပ်ငန်းများဖွင့် လှစ်ဆောင်ရွက်နိုင်ပါ က ဝင်ငွေ အသင့်အတင့် ရလာ နိုင်ကြ ပါမည်။

၈။ ကျန်းမာရေး

က။ ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာ ဝန်ဆောင်မှု ရရှိမှု အခြေအနေ

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီး ကျန်းမာရေးမကောင်းလျှင်ဖြစ်စေ၊ အရေးပေါ်လူနာများရှိခဲ့လျှင်ဖြစ်စေ ကျေးရွာမှ(၁) မိုင် ခန့်ဝေးသော ဇေယျာသီရိမြို့ နယ် ကုတင်(၅၀)ဆေးရုံသို့လည်းကောင်း နေပြည်တော်ကုတင် (၁၀၀၀)ဆေးရုံသို့ လည်းကောင်း သွားရောက် ကုသကြရ ပါသည်။ ကျေးလက်ပြည် သူများအကြား ဝမ်းပျက်ဝမ်းလျှောနှင့် သွေးလွန် တုတ်ကွေး ရောဂါများသည် ရာသီအလိုက်ဖြစ်ပွား မှုအနည်းငယ် ရှိပါသည်။ ဖြစ်ပွါးရသော အကြောင်းအရင်းများကိုဖော်ထုတ်ဖယ်ရှား ပေးခြင်း၊ ကျန်းမာ ရေးအသိပညာပေးခြင်းတို့ကို ဆောင်ရွက် ပေးသင့်ပါသည်။

ခ။ သောက်သုံးရေရရှိမှုနှင့် သန့်ရှင်းရေး

ကျေးရွာတွင် သောက်သုံးရေကို ရေတွင်းများ၊ လက်နှိပ်တုံကင်တွင်းများနှင့် အဝီစက် တပ်တွင်းများမှ သုံးစွဲကြပြီး ကျေးရွာရှိအိမ်ထောင်စုအားလုံးအတွက် လုံ လောက်မှုရှိပါ သည်။သောက်သုံးရေမှာ အိမ်ထောင်စုအားလုံးအတွက် လုံလောက်မှုရှိသော်လည်း ရေဝါကိုသာစစ်၍ သောက်သုံးနေကြရပါသည်။ ပတ် ဝန်းကျင်သန့်ရှင်းရေးအပိုင်းတွင် ကျေးလက် ဒေသ၏ ယင်လုံအိမ်သာ သုံး စွဲမှုမှာ ၉၉%ရှိပါသည်။ ယင်လုံ အိမ်သာ သုံးစွဲခြင်းကြောင့် ကျေးရွာသူ/ သား အနေဖြင့် ကျန်းမာရေးဆိုင်ရာ အသိအမြင်များ အသင့်အတင့်ရှိပါသည်။ တစ်ကိုယ် ရည်သန့်ရှင်းရေးဆိုင်ရာ ကျန်းမာရေးအသိပညာ ပေးမှုများမှာ လည်း အသင့်အတင့်ရှိပါသည်။

၉။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် ပြုစုခြင်း

က။ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ပြုစုခြင်း

ကျေးရွာတွင် မြေဆီလွှာ အနေအထားမှာ ရွှံစေးမြေအမျိုးအစား ဖြစ်သည်။ သီးနှံများစိုက်ပျိုးရာတွင်နည်းစနစ်တကျသုံးစွဲခြင်းမရှိသောကြောင့်မြေဆီလွှာ

ပျက်စီမှုများရှိပါသည်။ သဘာဝပတ်ဝန်းကျင် ဆိုင်ရာအသိပညာပေးလုပ်ငန်းများမြှင့်တင် ဆောင်ရွက်ပေးသင့်ပါ သည်။ ငါးမျိုးကွဲများ၊ရှာပါးတိရိစ္ဆာန်များ မရှိပါ။

ခ။ သဘာဝဘေးအန္တရာယ်များ စီမံခန့်ခွဲခြင်း

ရေဆင်းကျေးရွာသည် ကုန်းတွင်းပိုင်ဖြစ်သောကြောင့် မုန်တိုင်း၊ အအေးလွန်ကဲခြင်း၊ မီးဘေးအန္တရာယ်များမရှိသေးပါ။ မကြာခဏ ငလျင်လှုပ်ခတ်မှုရှိသော်လည်း ပြင်းထန်မှုနည်းသောကြောင့် ပျက်စီးဆုံးရှုံးမှုမရှိပါ။ သဘာဝဘေးနှင့် ပတ်သက်သောကာကွယ်ရေးအသိပညာပေးအစီအစဉ်များလည်းမရှိပါ။ လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်များလည်းမရှိသေးပါ။ ကျေးရွာတွင် ရာဇဝတ်မှုခင်းများဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့်ကုန် စည်ကူးသန်းရောင်းဝယ်မှုကို အဆင်ပြေချောမွေ့စေပါသည်။ မှုခင်းများ ကာကွယ် တားဆီးလျှော့ချရေးအတွက် ရဲဘက်ဆိုင်ရာများ မှာလည်း (၁) နှစ် တစ်ကြိမ် မှုခင်းကျဆင်းရေး ဟောပြောပွဲများ ပြုလုပ်ပေးလျက် ရှိပါသည်။

၁၀။ ကျားမရေးရာ

ကျေးရွာတွင် မိဘများသည် သားသမီးများကို ပညာသင်ကြားမှုအပိုင်းတွင် ကျားဖြစ်ခြင်း၊ မဖြစ်ခြင်းအပေါ် ခွဲခြားသတ်မှတ်ခြင်းမရှိပဲ တန်းတူ ပညာသင်ကြားခွင့်ရှိကြပါသည်။ မိသားစု စားဝတ်နေရေး အခြေအနေ အလိုက်သာ ပညာ သင်ကြားခွင့်ကို သက်ရောက်မှုရှိစေ နိုင်သည်။ နေ့စား လုပ်ငန်းများ၊ စီပွားရေးလုပ်ငန်းများတွင် ကျားမတန်းတူအခွင့်အရေး ရရှိပါ သော်လည်း နေ့စားလုပ်အားခ သတ်မှတ်ရာတွင် အမျိုးသမီးများမှာ အမျိုး သားများ ထက် လုပ်အားခရရှိမှု ပိုနည်းသည်ကို တွေ့ရှိရပါသည်။ လူမှုအဖွဲ့ အစည်း အတွင်း အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျား၊ မခွဲခြား ဆက်ဆံမှုတို့မှာ အများအားဖြင့် နည်းပါးသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ကျေးရွာ သာရေး၊ နာရေး ကိစ္စရပ်များတွင် အမျိုးသမီးများ တက်တက်ကြွကြွ ပါဝင်လုပ်ဆောင်ကြသော်လည်း အိမ်မှုကိစ္စများကို ဦးစားပေး ဆောင်ရွက်မှု များကြသဖြင့် ကျေးရွာအုပ်ချုပ်ရေးအပိုင်းတွင်မူ အမျိုးသမီး များ ၏ ပူးပေါင်း ပါဝင်မှုနည်းပါးသည်ကို လေ့လာတွေ့ရှိရပါသည်။ ကျေးလက် နေလူထု၏ အလုပ်လုပ်နိုင်သော အင်အား ထက်ဝက်ဝန်းကျင်မှာ အမျိုးသမီး များဖြစ်ကြပြီး ထိုအမျိုးသမီးထု၏ စွမ်းပကားကို လေ့ကျင့် တိုးမြှင့်ပေးခြင်း ဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍအတွက် အထောက်အပံ့ ဖြစ်စေပါမည်။ ကျားမ ဆိုင်ရာတန်းတူညီမျှမှု ကိစ္စရပ်များအတွက် မိသားစုနှင့် ကျေးလက်လူထု အတွင်းအသိပညာ ပေးခြင်းများ တိုးမြှင့်ဆောင်ရွက်

ပေးသင့်ပါသည်။ ထိုမှသာ ကျားမတန်းတူညီမျှမှုနှင့် ကျေးရွာဖွံ့ဖြိုးရေးတို့ အတွက်အထောက် အပံ့ဖြစ်စေနိုင်ပါသည်။

၁၁။ ဦးစားပေးစီမံချက်လုပ်ငန်းများဇယား

နောက်ဆက်တွဲများ

နောက်ဆက်တွဲ ၁။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

နောက်ဆက်တွဲ ၂။ ဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

နောက်ဆက်တွဲ ၃။ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

နောက်ဆက်တွဲ ၄။ စီမံချက်အဆိုပြုလွှာများ

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ရေဆင်း			ကျေးရွာအမည် – ရေဆင်း	မှတ်ချက်
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး	အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်ထုတ် လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်း သိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ် နှင်းရေး နည်းပညာ သင် တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၅	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။	
၇	မွေးမြူရေးနှင့်ငါးလုပ်ငန်း_မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၈	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၀	ငွေကြေး	အသေးစား	အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။	
၁၂	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။	
၁၃	ပညာရေး	ပညာရေး	စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း	
၁၄	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	နယ်မြေ(၂) ရပ်ကွက် တံတားပြုပြင်ခြင်းနှင့် ရိုစာခင်းခြင်း။	
၁၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	နယ်မြေ(၄) ဆည်မြောင်းရပ်ကွက် လမ်းများ ရိုစာခင်းခြင်း။	
၁၆	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာတွင်းလမ်းဘေး ရေနုတ်မြောင်းတူးဖော်ခြင်း။	
၁၇	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာလယ်လမ်း လမ်းပုခုံးပြုပြင်ခြင်း။	
၁၈	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	နယ်မြေ(၄) ကျောက်စရစ်ကုန်းရပ်ကွက် ရိုစာခင်းခြင်း။	
၁၉	အခြေခံအဆောက်အဦ	သောက်သုံးရေ	စက်ရေတွင်း+ရေစက်ရုံ+ရေကန် တည်ဆောက်ခြင်း။	

နောက်ဆက်တွဲ (၁)

ရေဆင်းကျေးရွာ၊ ရေဆင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးဇော်မင်းဦး	ဦးညီပု	၉/ပမန(နိုင်) ၁၂၈၈၀၉	၄၃	ဥက္ကဋ္ဌ	၀၉-၄၂၀၇၂၄၈၀၀
၂	ဒေါ်ဖြူဖြူနှင်း	ဦးစိန်မြင့်အောင်	၉/ပမန(နိုင်) ၁၆၆၁၄၁	၃၆	အတွင်းရေးမှူး	၉၀-၄၂၀၇၆၉၁၃၈
၃	ဦးသန်းနိုင်	ဦးတင်ဦး	၉/မခန(နိုင်) ၀၃၆၆၃၀	၄၉	စာရင်းကိုင်	၀၉-၄၉၂၀၃၃၇၇
၄	ဦးအောင်မျိုး	ဦးဘဆန်း	၉/ဘတလ(နိုင်) ၀၆၄၂၀၆	၃၈	ဘဏ္ဍာရေးမှူး	၀၉-၄၄၈၅၄၃၅၁၀
၅	ဦးကျော်သူ	ဦးမိုးကြည်	၉/ပမန(နိုင်) ၀၈၁၈၈၃	၄၉	သေ့ကိုင် (၁)	၀၉-၇၉၇၈၅၀၆၈၆
၆	ဒေါ်စန်းစန်းအေး	ဦးကျော်	၉/ပမန(နိုင်) ၂၄၈၂၄၁	၄၂	သေ့ကိုင် (၂)	၀၉-၇၆၁၈၈၆၆၁၅
၇	ဦးဇော်နိုင်	ဦးကိုလေး	၉/ပမန(နိုင်) ၀၈၂၁၂၁	၄၅	အဖွဲ့ဝင်	၀၉-၂၅၄၅၆၂၀၆၇
၈	ဒေါ်ယု	ဦးလှကိုး	၉/ပမန(နိုင်) ၁၂၉၄၆၀	၄၂	အဖွဲ့ဝင်	၀၉-၇၈၃၂၇၄၈၃၈
၉	ဒေါ်အိအိမော်	ဦးသိန်းဟန်	၉/ပမန(နိုင်) ၀၈၂၃၇၉	၅၂	အဖွဲ့ဝင်	
၁၀	ဒေါ်ယဉ်ယဉ်အောင်	ဦးဖိုးထူး	၉/မတလ(နိုင်) ၂၃၆၀၂၃	၃၈	အဖွဲ့ဝင်	၀၉-၇၉၇၇၁၁၂၆၀
၁၁	ဦးစိုင်းမင်းထွန်း	ဦးလမုန်ဂန်	၉/ပမန(နိုင်) ၁၇၂၆၆၂	၃၂	အဖွဲ့ဝင်	-
၁၂						
၁၃						
၁၄						
၁၅						

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၃၆	၃၂	၆၈
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၇၈	၁၀၀	၁၇၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၂၉	၁၅၅	၂၈၄
၁၀ နှစ်မှ ၁၄ နှစ်အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၄၀	၁၅၆	၂၉၆
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၁၀	၁၁၁၅	၂၁၂၅
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၅၄	၈၇	၁၄၀
စုစုပေါင်း		**၁၃၉၃**	**၁၅၅၈**	**၂၉၅၁**
စုစုပေါင်း အိမ်ထောင်စု		**၈၀၂**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ရေဆင်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၈၀၂) ရှိပြီးလူဦး ရေပေါင်း (၂၉၅၁)ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင်ပျမ်းမျှလူဦးရေ(၄) ဦးခန့်ရှိပါသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သောအရွယ်ဦးရေမှာ(၇၂)ရာခိုင်နှုန်းခန့်ရှိပြီး ကျေးရွာ၏ အလုပ်လုပ်နိုင်သော လူဦးရေအများအပြားရှိ ကြောင်းတွေ့ရပါသည်။ အလုပ်လုပ်နိုင်သောအရွယ်တွင် အမျိုးသမီး အလုပ်လုပ်နိုင်သောဦးရေထက်အမျိုးသားဦးရေပိုများသည်ကိုတွေ့ရပါသည်။ဖခင်နှစ်နှင့် အထက် သက်ကြီးရွယ်ကြီးမှာ(၅)ရာခိုင်နှုန်းခန့်ရှိပြီး ကျန်းမာရေးအခြေအနေမှာ အသင့်အတင့်ကောင်းမွန် ကြောင်းခန့်မှန်းသိရှိနိုင်သည်။

() အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၇	၄၈		မြင့် ☐ လတ် ✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၄	၄		မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅၀	၅၂[1]		မြင့် ☐ လတ် ✓ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၅		မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၅		မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၅၀	၂၀၀		မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

[1]

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အောကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁		မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂		မြင့် ☐ လတ်✓ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား /	၅၂၈	၅၃၀		

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း				မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	**၈၀၂**	**၁၈၂**		☒

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း:"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ အဓိကအသက်မွေးဝမ်းလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး ကျေးရွာရှိ အိမ်ခြေစုစုပေါင်း (၈၀၂) အနက် စိုက်ပျိုးရေးကိုအဓိက လုပ်ကိုင်သည့်အိမ်ထောင်စု (၇.၁%)ခန့်ရှိပြီး မွေးမြူရေးကိုမိသားစုတနိုင်တပိုင်သာလုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။ အရောင်းအဝယ်လုပ်ငန်းတွင်အဓိကလုပ်ကိုင်သည့်အိမ်ထောင်စု(၁၈.၇)%ခန့်ရှိပြီး မိသားစုစား ဝတ်နေရေးအတွက် နေ့စား/ကျပန်းလုပ်ငန်းကိုလုပ်ကိုင်သည့် အိမ်ထောင်စု (၆၅)% ခန့် ရှိကြောင်း တွေ့ရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၅၀၀၀	၅၀၀၀	၄၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝ ရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၅၀၀၀	၇၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၅၀၀၀	၃၅၀၀	၄၀၀၀	၂၅၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် နေ့စားလုပ်ကိုင်ရသောလုပ်ငန်း အမျိုးအစား (၃)မျိုးရှိသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်အားခမှာ(၆၀၀၀)ကျပ်နှင့် အနည်းဆုံး လုပ်အားခမှာ(၅၀၀၀)ကျပ်ဖြစ်ပြီး အမျိုးသမီးများ၏ အများဆုံးလုပ်အားခမှာ (၅၀၀၀) ကျပ်နှင့် အနည်းဆုံး လုပ်အားခမှာ(၄၀၀၀)ကျပ် တို့ဖြစ်သည်။ ဆောက်လုပ်ရေးပန်းရံနှင့် လက်သမား လုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်အားခမှာ (၁၀၀၀၀)ကျပ်နှင့် အနည်းဆုံးလုပ်အားခ မှာ (၇၀၀၀) ကျပ်ရှိ ကြောင်းနှင့် ၎င်းလုပ်ငန်းများတွင်

အမျိုးသမီးများ၏ အများဆုံး လုပ်အားခမှာ (၅၀၀၀)ကျပ်နှင့် အနည်းဆုံးလုပ်အားခမှာ (၄၀၀၀)ကျပ် ရှိကြောင်း တွေ့ရပါသည်။ လုပ်အားများအနေဖြင့် ကျား/မ ခွဲခြားမှု၊ မမျှတမှု ရှိသည်ကိုတွေ့ရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၀၆.၅	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၄၃.၅	ကောင်း ☐	သင့်✓	ညံ့ ☐
ဥယျာဉ်ခြံမြေ	၃.၂၅	ကောင်း ☐	သင့်✓	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၂၅၃.၂၅	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှုစုစုပေါင်း ဧကမှာ(၂၅၃.၅) ဧကရှိပါသည်။ ၎င်းတို့အနက် လယ်မြေဧကမှာ (၂၀၆.၅) ဧကနှင့်ယာမြေဧကမှာ (၄၃.၅)ဧက ရှိကြောင်းတွေ့ရပါသည်။ လယ်မြေနှင့်ယာမြေများမှာ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် မြေလွတ်မြေရိုင်း များမရှိပါ။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များး □ သင့်□ နည်း□ မရှိ ✓	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များး □ သင့်□ နည်း□ မရှိ ✓	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များး □ သင့်□ နည်း□ မရှိ ✓	လွယ် □ ခက်□ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များး □ သင့်□ နည်း□ မရှိ □	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်း အမြစ်များ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များး	အသင့်အတင့်	နည်း✓	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း✓	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု	များး	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွားး (ဝင်ငွေ) အလွန်ကောင်း	စီးပွားး (ဝင်ငွေ) အသင့်အတင့်✓	စီးပွားး (ဝင်ငွေ) နည်း	စီးပွားး (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	**၅၆**	**၃၀၀**	**၄၃၂**	**၆၉**

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၇%)၊ အလယ်အလတ် ရှိသောအိမ်ထောင်စုပေါင်း (၃၇.၄%)၊ မပြေလည်သောအိမ်ထောင်းစုပေါင်း(၅၄%)နှင့် အလွန်မပြေ လည်သော အိမ်ထောင်စုမှာ(၈.၆%)ကြောင်းတွေ့ရသည်။ အလွန်အပြေ လည်သော အိမ်ထောင်စုများ မှာ မြေယာပိုင်ဆိုင်မှုနည်းပြီး မိသားစုစားဝတ်နေရေးတွက် အမျိုးအမည် မဖော်ပြနိုင်သောလုပ်ငန်း များ (ကျပန်း) လုပ်ကိုင်နေရကြောင်းသိရပါသည်။

(ဂ) ထိခိုက်လွယ်မှု

(ဂ-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓန)

ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	**ဖြေရှင်းသည့် နည်းဗျူဟာ** (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ဆွေမျိုးများထံမှချေးယူ လုပ်အားခကြိုယူ = လုပ်အားခကြိုယူ
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၅၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = ဆွေမျိုးများထံမှချေးယူ လုပ်အားခကြိုယူ = လုပ်အားခကြိုယူ
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၁၅၀	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံသည့်အိမ်ထောင်စု (၆.၂ %) နှင့် ၆ လမှ ၁၂ လအထိ ဝမ်းစာမူလုံသည့် အိမ်ထောင်စု (၁၉ %) ရှိကြောင်းတွေ့ရပါ သည်။၄င်း အိမ်ထောင်စုများသည် လုပ်အားခကြိုယူခြင်း၊ချေးယူခြင်းဖြင့် ဝမ်းစာအတွက် ဖြေရှင်းကြပါသည်။

(ဂ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	၂	၂
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့် အထက်မှာ အမျိုးသမီး (၂) ဦးရှိကြောင်းတွေ့ရသည်။ ထိုသူ(၂)ဦးမှာ မိသားစုမရှိသောကြောင့် စားဝတ် နေရေးအရ ခက်ခဲစွာရုန်းကန်နေရသည်ကိုတွေ့ရှိရပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ထိခိုက်သက်ရောကမှုအခြေအနေတွင် စားနပ်ရိက္ခာမဖူလုံမှုတွင် မိသားစုအတွင်း အလုပ်လုပ်ကိုင်သူဦးရေအသင့်အတင့်ရှိသောကြောင့် ထိခိုက်လွယ်မှုလတ်သည်။ မီးဘေးအန္တရာယ်သည် အချိန်မရွေးကျ ရောက်နိုင်သည့်အတွက် ထိခိုက်လွယ်မှု လတ်သည်။ ငှက်ဖျားရောဂါများ၊တီဘီရောဂါ၊ တိရိစ္ဆာန်ကူး စက်ရောဂါ ကျရောက်မှုများမှာ ထိခိုက် လွယ်မှုနိမ့်သည်။ ပြည်တွင်း ပဋိပက္ခ၊ လူကုန်ကူးခြင်း၊ဝေးလံခေါင်သီ/ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း တို့တွင် လက်ရှိတွင်ထိ ခိုက်လွယ်မှု မရှိ ပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ✓	လတ်☐	နိမ့်☐	မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ✓	လတ်☐	နိမ့်☐	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ထိခိုက်သက်ရောလွယ်ခံရနိုင်သော လူအုပ်စုများတွင် လူငယ်၊အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု၊လက်လုပ်လက်စားကျပန်းလုပ်ကိုင်သူများနှင့် ကားမောင်းပြီး အသက်မွေးသူများသည် မိသားစုဝင်ငွေအတွက် အဓိကလုပ်ကိုင် နေရသောကြောင့် လုပ်ငန်းခွင်တွင် ထိခိုက်နိုင်ခြင်း၊ ဆိုင်ကယ်အသုံးပြုသောသူများနှင့် ကားမောင်းသောသူများသည် ယာဉ်အတော်တဆ ဖြစ်နိုင်ခြေများသောကြောင့် ထိခိုက် လွယ်မှုမြင့်သည်။အမျိုးသမီးဦးဆောင်သော ဆင်းရဲသောအိမ်ထောင်စုများနှင့် လက်လုပ်လက် စားကျပန်းလုပ်ကိုင်သောအိမ်ထောင်စုများသည် လုပ်အားခနည်းခြင်း၊အလုပ်အကိုင်နှင့် ပုံမှန်ဝင်ငွေမရှိခြင်း၊မိသားစုများခြင်းတို့ကြောင့် ထိခိုက်လွယ် မှုမြင့်သည်။ အချို့သော မြေယာမဲ့ ဆင်းရဲသောတောင်သူများတွင် ပုံမှန်အလုပ်အကိုင်မရှိခြင်း၊ ဝင်ငွေနည်းပါးခြင်းတို့ကြောင့် ထိခိုက်လွယ်မှုလတ်သည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
